ပိုပြီး ပေါ်လွင်ထင်ရှားသည်မှာ ၂၀၁၂ ခုနှစ်၏ အထူးစီးပွားရေးဇုံ (SEZ) ဥပဒေမှ အခွန်ကောက်ခံမှုငြိမ်း၊ လွတ်ငြိမ်းချမ်းသာခွင့်တာဝန်ငြိမ်း၊ ရေရှည် ၇၅ နှစ်အထိ မြေယာ အငှားချထားမှုနှင့် အစိုးရမှ လုံခြုံရေး[144] ထောက်ပံ့မှု စသည့် ကြီးမားများပြားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မက်လုံးများပေးစဉ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ဒေသခံလူထုအသိုင်းအဝိုင်းများ၏ လူ့အခွင့်အရေး[145] ကာကွယ်မှုကို ကျော်လွန်ပြီး နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကိုသာ ဦးစားပေးလုပ်ဆောင်နေပါသည်။ လူထုနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု အနည်းငယ်သာရှိ (သို့) မရှိခြင်း၊ (သို့) ကြီးမားကျယ်ပြန့်သော ၎င်းတို့၏ ဂရက်ရိုက်ခတ်မှုများအား စဉ်းစားပေးမှုမရှိခြင်း၊ စုပေါင်းပိုင်မြေယာနှင့် ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်

လိုအပ်သော မြေယာများအား သတ်မှတ်ခွဲဝေရန်အတွက် လယ်ယာမြေဥပဒေ ၏ အသေးစိတ် လုပ်ထုံးလုပ်နည်း အပါအဝင် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီသို့ ဒေသခံ လူထု အသိုင်းအဝိုင်းများ ကိုယ်စားပြုရန် လိုအပ်ချက်တစ်စုံတစ်ရာ ထားရှိခြင်း မရှိဘဲ ကော်မတီဝင်အဖြစ် ပါဝင်ရပါမည်။

[140] အာရှ၏ ဥပဒေ ဆိုင်ရာ အရင်းအမြစ် ဗဟို မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံ၏ မြေယာ သိမ်းဆည်းမှု အန္တရာယ် ပြန့်ပွားခြင်း ၊ လူ့အခွင့်အရေးကောင်စီ၏ ၂၀ ကြိမ်မြောက် လွှတ်တော် အစည်းအဝေး ကျင်းပချိန်၊ အစည်းအဝေး လုပ်ငန်းစဉ် အချက်အလက် ၄၊ အထွေထွေ စကားရည်လုပွဲ၊ ဖွန်လ ၆ရက် ၂၀၁၂၊ စာမျက်နှာ ၃-၄

[141] ထိုသို့ သော အကြောင်းအရာမျိုးသည် ၂၀၁၂ ဒီဇင်ဘာ မှ ၂၀၁၅ ဇန်နဝါရီလ ကာလကြားရှိ KHRG ကွင်းဆင်းလုပ်သားမှ သတင်းမှတ်တမ်းများပြုစုထားပြီး ရွာ၏ ကိုယ်စားပြု အဖွဲ့အစည်း Village Agency အခန်းကဏ္ဍမှ မြေယာ မှတ်ပုံတင်ခြင်း ဆိုင်ရာ အခန်းငယ်တွင် ရှာဖွေ တွေ့ရှိနိုင်ပါသည်။ ဤကဲ့သို့ လှုပ်ရှားမှုသည်လည်း မြန်မာ ပြည် တစ်နေရာရာတွင် သတင်းမှတ်တမ်း ပြုစုထားခြင်း ရှိပါသည်။ ဥပမာ HURFOM၊ ကြားသိရသည့် ပြင်းပြသည့် ဆန္ဒ၂၀၁၄ စာမျက်နှာ ၂၃-၂၄ တွင် ကြည့်ပါ။

[142] စိုက်ပျိုးထွန်ယက်မှု မရှိသည့်မြေယာအား အမျိုးအစားအုပ်စု ပြန်လည် ခွဲခြား သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် သက်သေခံချက်ကို အခန်းငယ် iii မှ စိုက်ပျိုးရေးအတွက် မြေယာ အမျိုးအစားဆိုင်ရာအကြောင်းအရာများအားဤ အခန်းတွင် ကြည့်ပါ။

[143] မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ ပြည်သူ့လွှတ်တော်၊ မတ်လ ၂၀၁၂၊ အခန်း (၂) ၊ အပိုဒ်ခွဲ ၃ (d) (e) 20 ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများထံမှ မြေလွတ်မြေလပ်များအား သတ်မှတ်ခွဲဝေပေးခြင်း

[144] TNI ၊ အချက်အလက်ရရှိမှု ပိတ်ပင်ခံရခြင်း တွင် ကြည့်ပါ။ မြန်မာပြည်ရှိ မြေယအခွင့်အရေးနှင့် လူမျိုးစု ပဋိပက္ခ မေလ ၂၀၁၃၊ စာမျက်နှာ ၄

[145] ဒေသ ခံ အစိုးရ၏ အတည်ပြုမှု မပါသည် တိုးတက်ဖွံ့ဖြိုးမှုအတွက် ကြီးမားသော ရေရှည်စီမံကိန်းအား လုပ်ဆောင်ခွင့် ပြုသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ၊ TNI ၊ အချက်အလက်ရရှိမှု ပိတ်ပင်ခံရခြင်း တွင် ကြည့်ပါ။ မြန်မာပြည်ရှိ မြေယအခွင့်အရေးနှင့် လူမျိုးစု ပဋိပက္ခ မေလ ၂၀၁၃၊ စာမျက်နှာ ၄

ကျင့်သုံးသည့် အခွင့်အရေးအား အသိအမှတ်ပြုမှု မရှိခြင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်း နေရာ ပြောင်းရွှေ့ ချထားသူများအတွက် အထူးအခွင့်အရေးနှင့် သိမ်းဆည်းထား[146] သည့် မြေအတွက် မျှတသောနစ်နာမှု လျော်ကြေးမရရှိခြင်းများ စသည့် ဤဥပဒေများ အားလုံးသည် ဥပဒေပြုလွှတ်တော်မှ နေပြီး လျင်မြန်စွာ အတည်ပြုထားခြင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ သစ်တော ဥပဒေများ

လက်ရှိတွင် မြန်မာနိုင်ငံသည်  အာရှတွင် သစ်မျိုးစုံသော၊ သဘာဝဂေဟစနစ်ကွဲ များစွာတည်ရှိသော သစ်တောများကို ထိန်းသိမ်းထားနိုင်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။[147] သို့သော် မြန်မာနိုင်ငံ၏ သစ်မျိုးစုံလင်သောသစ်တောသည် သဘာဝသယံဇာတ အလွန်အကျွံထုတ်ယူခြင်းနှင့် ရေရှည်အကျိုးမရှိနိုင်သော မြေယာစီမံခန့်ခွဲခြင်းများကြောင့် သစ်တောပြုန်းတီးမည့် အန္တရာယ်နှင့်လည်းကောင်း၊ မြေဆီလွှာဆုံးရှုံးရမည့် အန္တရာယ်များဖြင့်လည်းကောင်း ရင်ဆိုင်နေရပါသည်။[148] မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းသောဧရိယာသည်လည်း လျှင်မြန်စွာ ကျဆင်းလျှက်ရှိပါသည်။ သစ်တောဌာနများ၏ တရားဝင် မှတ်တမ်းအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းသောဧရိယာသည် ၁၉၉၀ခုနှစ်တွင် ၅၈%ရှိရာမှ ၂၀၁၀ခုနှစ်တွင် ၄၇%သို့ ဖြည်းဖြည်းခြင်း ကျဆင်းနေကြောင်းတွေ့ရှိရပါသည်။[149] ထို့ကြောင့် အစိုးရက ၂၀၁၄ ဧပြီလမှစ၍ နိုင်ငံခြားသို့ သစ်လုံးတင်ပို့ခွင့်ကိုပိတ်ပင်တားမြစ်လိုက်ပါသည်။[150] ဤကဲ့သို့သစ်လုံးတင်ပို့ခွင့်ကိုပိတ်ပင်လိုက်ခြင်းသည် အပေါင်းလက္ခဏာခြေလှမ်းဖြစ်၍ သစ်တောပြုန်းတီးခြင်းနှုန်းကို လျှော့နည်းစေမည်ဟု အကောင်းမြင်နိုင်သကဲ့သို့ မြန်မာနိုင်ငံ၏တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် သစ်ခွဲသားများကို ပြည်ပဆက်လက်တင်ပို့ခွင့်ပြုခြင်းအပေါ် ဝေဖန်မှုများလည်း ရှိနေပါသည်။[151] သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေးအေဂျင်စီ (EAI) က လက်ရှိမြန်မာနိုင်ငံ၏ သစ်ထုတ်လုပ်မှုသည် တရားဝင်ခွင့်ပြုထားသော ပမာဏထက်ပိုမိုများပြားနိုင်သည်ဟု ပြောဆိုပါသည်။ ၂၀၀၀-၂၀၁၃ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ သစ်ထုတ်လုပ်ငန်း ၇၂%သည် တရားမဝင်ဖြစ်ပြီး အကျင့်ပျက်ခြစားမှုများနှင့် ဒုစရိုက်မှုများ ပါဝင်ပတ်သက်နိုင်သည်ဟုလည်း (EAI) မှပြောပါသည်။[152]မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်ခြင်းကို

---

[146] အာရှ၏ ဥပဒေဆိုင်ရာ အရင်းအမြစ် ဗဟို မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံ၏ မြေယာ သိမ်းဆည်းမှု အန္တရာယ် ပြန့်ပွားခြင်း ၊ လူ့အခွင့်အရေးကောင်စီ၏ ၂၀ ကြိမ်မြောက် လွှတ်တော် အစည်းအဝေး ကျင်းပချိန်၊ အစည်းအဝေး လုပ်ငန်းစဉ် အချက်အလက် ၄၊ အထွေထွေ စကားရည်လုပွဲ၊ ဇွန်လ ၆ရက် ၂၀၁၂၊ စာမျက်နှာ ၅၊ TNI ၊ အချက်အလက်ရရှိမှု ပိတ်ပင်ခံရခြင်း တွင် ကြည့်ပါ။  မြန်မာပြည်ရှိ မြေယအခွင့်အရေးနှင့် လူမျိုးစု ပဋိပက္ခ မေလ ၂၀၁၃၊ စာမျက်နှာ၂၃

[147] *Burma's Environment: People, Problems, Policies*, The Burma Environmental Working Group, June 2011.

[148] *Myanmar's National Adaptation Programme of Action (NAPA) to Climate Change, 2012*, UNEP, 2012.

[149] *Fifth National Report to the United Nations Convention on Biological Diversity*, Ministry of Environmental Conservation and Forestry, March 2014.

[150] "Myanmar's log export ban to hurt businessmen but help forests," Reuters, March 20th 2014.

[151] "'Better late than never': Myanmar bans timber exports to save remaining forests," Mongobay.com, April 24, 2014.

[152] *Data Corruption: Exposing the true scale of logging in Myanmar*, Environmental Investigation Agency (EIA), March 2014.

သစ်တောဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။ သစ်တောထိန်းသိမ်းရေးကို ဦးတည်အကောင်အထည်ဖော် ဆောင် ရွက်ရမည့် သစ်တောဦးစီးဌာနနှင့် အစဉ်အလာအရ ဝင်ငွေရှာဖွေရမည့် မြန်မာ့သစ်လုပ်ငန်း တို့အကြား ရေးဆွဲထားကြသော လုပ်ငန်းစဉ်များသည်အပြိုင်အဆိုင်ဖြစ်ပြီး သစ်တောဝန်ကြီးဌာန အတွင်း သ ဘောထားကွဲလွဲမှုများဖြစ်ပေါ်စေပြီးဝင်ငွေရှာဖွေမည့် သစ်ထုတ်လုပ်ငန်းသည် ဝန်ကြီးဌာနအတွင်းပိုမို မျက်နှာသာရရှိပါသည်။[153] လက်ရှိမြန်မာ့သစ်တောမူဝါဒသည် ၁၉၉၂ခုနှစ်သစ်တောဥပဒေ အပေါ်တွင် အခြေခံထားပြီး ဤသစ်တောဥပဒေသည် သစ်တောထိန်းသိမ်းခြင်း၊ ရေရှည်အကျိုးရှိမည့်သစ်ထုတ် လုပ်ခြင်းနှင့် ပြည်သူများအား စီးပွားဖြစ်သစ်စိုက်ပျိုးခြင်းကို အားပေးသောအချက်များပါဝင်ပါသည်။[154] ၁၉၉၅ခုနှစ်တွင်ချမှတ်သော သစ်တောမူဝါဒနှင့် ၁၉၉၆ခုနှစ်တွင်ရေးဆွဲသော သစ်တောလုပ်ငန်းစီမံ ကိန်းများသည် ၁၉၉၂ခုနှစ်တွင်ရေးဆွဲအတည်ပြုထားသောသစ်တောဥပဒေကို အကောင်အထည် ဖော်ခြင်းဖြစ်ပါသည်။ လက်ရှိသစ်တောဥပဒေကို အသုံးပြုပြီး ၂၀၁၅တွင်သစ်တောဥပဒေအသစ်ကို ရေးဆွဲရန်လိုအပ်ပါသည်။[155]

## မြန်မာနိုင်ငံ၏ သတ္တုတွင်းဥပဒေ

မြန်မာနိုင်ငံသည် လောင်စာဆီ၊ ဓာတ်ငွေ့၊ ကျောက်သံပတ္တမြား၊ နှင့် ဓာတ်သတ္တုများ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။[156] ၂၀၀၅ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတချမ်းသာကြွယ်ဝမှု ကိုစိတ်ဝင်စားမှုသည် လျင်မြန်စွာမြင့်တက်လာပါသည်။[157] ထို့ကြောင့် သဘာဝသယံဇာတသည် မြန်မာ့စီးပွားရေးအတွက် ကြီးမားသောအခန်းကဏ္ဍမှပါဝင်လာပါသည်။[158] သို့သော် သဘာဝသယံဇာတ များသည် ကရင်ပြည်နယ်အပါအဝင် ပြည်နယ်များ၏နယ်စပ်ဒေသများတွင်ပိုမိုပေါများပြီး များပြားလာသော သဘာဝသယံဇာတတူး ဖော်ခြင်း လုပ်ငန်းများအပေါ် မည်သူတို့အကျိုးအမြတ်များရရှိသင့်ဆိုသည့် မေးခွန်းတစ်ရပ်ပေါ်ပေါက်လာပါသည်။[159] အမှန်စင်စစ် ၂၀၁၃ ခုနှစ်တွင်း သဘာဝသယံဇာတစီမံခန့်ခွဲ ရေးအင်စတီကျူးအဖွဲ့ကြီး၏ လေ့လာမှုအရ မြန်မာနိုင်ငံသည် သဘာဝသယံဇာတတူးဖော်ရေးတွင် လုံးဝပွင့်လင်းမြင်သာမှုမရှိပဲ သဘာဝသယံဇာတစီမံခန့်ခွဲမှုတွင်လည်းအဆိုပါအဖွဲ့ကြီးမှ လေ့လာမှု ပြု လုပ်

---

[153] *Burma's Environment: People, Problems, Policies*, The Burma Environmental Working Group, June 2011

[154] *Burma's Environment: People, Problems, Policies*, The Burma Environmental Working Group, June 2011.

[155] Woods, Kevin, *Commercial Agriculture Expansion in Myanmar: Links to deforestation, conversion timber and land conflicts, Forest Trends, March 2015.*

[156] http://www.resourcegovernance.org/countries/asia-pacific/myanmar/overview.

[157] For example, foreign direct investment in Myanmar's mining sector increased from 2.2 million in 2005/2006 to 200 million in 2009/2010. See *Myanmar in Transition: Opportunities and Challenges*, Asian Development Bank, August 2012.

[158] http://www.worldbank.org/en/country/myanmar/overview.

[159] *Developing Disparity: Regional investment in Myanmar's borderlands*, TNI, February 2013.

သော ၅၈နိုင်ငံတွင် အညံ့ဖျင်းဆုံးနိုင်ငံဖြစ်ကြောင်းတွေ့ ရပါသည်။[160] ၂၀၁၄ ဖွန်လိုင်လတွင် မြန်မာနိုင်ငံကို သဘာဝသယံဇာတ တူးဖော်ခြင်းပွင့်လင်းမြင်သာမှုရှိရေး အဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ အဖြစ် လက်ခံခဲ့ပါသည်။[161] ဤသို့လက်ခံရာတွင် မြန်မာနိုင်ငံမှပွင့်လင်းမြင်သာမှုတိုးတက် ခြင်းရှိ/မရှိကို မြန်မာနိုင်ငံမှ လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲ ရေးများ ဖြစ်သော သတင်းလွတ်လပ်ခွင့် နှင့် လူ့အခွင့်အရေး အခြေအနေများ တိုးတက်မှု အပေါ်စောင့်ကြည့်ရမည်ဟု ထောက်ပြဝေဖန်ကြပါသည်။[162] သတ္တုတူးဖော်ရေးတွင်လည်း သင့်လျော်သောဥပဒေများကို ရေးဆွဲရန်လည်း လွန်စွာအရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် သတ္တုတူးဖော်ရေးလုပ်ငန်းသည် တစ်ပိုင်တစ်နိုင်အသေးစား[163] ပေါက်တူး၊ ဂေါ်ပြားဖြင့် ပြုလုပ်ရာမှ အကြီးစားစီးပွားဖြစ်[164] သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သော လုပ်ငန်း[165] အဖြစ် ပြောင်းလဲလာ သောကြောင့် ဖြစ်ပါသည်။

၁၉၈၉ မှစ၍ မြန်မာအစိုးရသည် ဓာတ်သတ္တုတူးဖော်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြားလာစေရန် လုပ်ဆောင်လာခဲ့ပါသည်။ ၁၉၉၄ တွင်မြန်မာအစိုးရသည် ပြည်တွင်းဓာတ်သတ္တု ဖူလုံစေရန်၊ ပြည်ပတင်ပို့မှုများပြားလာနိုင်ရန်၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို အားပေးရန် သတ္တုတွင်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ တဘက်မှလည်း သတ္တုတွင်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်နိုင်လျှင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် ဥပဒေတွင်ပါဝင်ရေးဆွဲထားပါသည်။[166] ၁၉၉၆တွင် ထုတ်ပြန်ခဲ့သော သတ္တုတူးဖော်ရေးနှင့်ဆိုင်သောစည်းမျဉ်းစည်းကမ်းများသည် သတ္တုတွင်းဝန်ကြီးဌာန အနေ ဖြင့် အထက်ပါ သတ္တုတွင်းဥပဒေများကို အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ထိုအပြင် ၁၉၉၄ သတ္တုတွင်းဥပဒေတွင် မြေပေါ်မြေအောက်သဘာဝဓာတ်သတ္တုမှန်သမျှကို နိုင်ငံတော်ကသာ ပိုင် ဆိုင်သည်ဟု ဥပဒေပြဋ္ဌာန်းထားပါသည်။ လက်ရှိရေးဆွဲနေသော သတ္တုတွင်းဥပဒေအသစ်သည်လည်း မူကြမ်းအဆင့်တွင်နှစ်ပေါင်းများစွာကြာရေးဆွဲနေဆဲဖြစ်ပြီး ထုတ်ပြန်အတည်ပြုခြင်း မရှိသေးပါ။[167] သို့သော် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်သည် လက်ရှိအခြေအနေနှင့် ကိုက်ညီရန်ရေး ဆွဲ ထား ပါ သည်။

---

[160] Resource Governance Index (RGI) အဖွဲ့သည် ကမ္ဘာ့ရေနံ ၈၅%၊ စိန် ၉၀% နှင့် ကြေးနီ ၈၀% ထုတ်လုပ်သော နိုင်ငံ ၅၈ ခု၏ သဘာဝသယံဇာတ စီမံခန့်ခွဲမှုအရည်အသွေး ကိုတိုင်းတာပါသည်။ See *The 2013 Resource Governance Index: A measure of transparency and accountability in the oil, gas and mining sector*, Revenue Watch Institute, 2013.
http://www.resourcegovernance.org/countries/asia-pacific/myanmar/overview

[161] https://eiti.org/Myanmar

[162] "Dispatches: Rights, Resources, and Transparency in Burma," Human Rights Watch, July 2014

[163] အသေးစား သတ္တုတူးဖော်ရေးနှင့် သက်ဆိုင်၍ ၁၉၉၄ မြန်မာ့သတ္တုတွင်းတွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။ ''ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများစွာမလိုအပ်သော စီးပွားဖြစ်သတ္တုတူးဖော်ရေးလုပ်ငန်း'' မြန်မာ့သတ္တုတူးဖော်ရေး ဥပဒေ။

[164] အကြီးစား သတ္တုတူးဖော်ရေး ဆိုသည် မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများလိုအပ်သော လုပ်ငန်းဟု မြန်မာ့သတ္တုတူးဖော်ရေး ဥပဒေတွင် ဖော်ပြထားပါသည်။

[165] *Burma's Environment: People, Problems, Policies*, The Burma Environmental Working Group, June 2011.

[166] Myanmar Mining Laws, Ministry of Mines, 1994.

[167] "Myanmar finalizing new mining law," The Wall Street Journal, December 2012; "Myanmar mining bill with parliament may be law by March – ministry official," Reuters, October 2013;

သို့ရာတွင် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်သည်လည်း လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်း ကျင် အခွင့်အရေးများအား အကာအကွယ်ပေးခြင်းရှိမရှိ အပေါ်ဝေဖန်ခံနေရပါသည်။[168]

## တိုင်တန်းမှုယန္တရားနှင့် လွတ်လပ်သော အဖွဲ့အစည်း နည်းပါးခြင်း

အရေးယူဆောင်ရွက်ပေးမှုနှင့် လုပ်ဆောင်နိုင်စွမ်းများသည် မြေယာသိမ်းဆည်းခြင်း တိုင်တန်းမှုအတွက် နည်းပါးပြီး လုံလောက်မှုမရှိပေ။ အများပိုင်မြေမှ ခွဲဝေအသုံးပြုခြင်းပေးထားသည့် မြေယာများအား ထိန်းချုပ်ရန် အထက်မှ အောက်သို့ ညွှန်ကြားမှုပေးသည့် အဖွဲ့အစည်းအဖြစ် စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား တင်မြောက်ထားပြီး ၄င်းသည် မြေယာထိန်းသိမ်းရေးတာဝန်ယူထားသော်လည်း လူထုနှင့် ပူးပေါင်းလုပ်ဆောင်မှု[169] နည်းပြီး အမည်ခံမျှသာ ဖြစ်ပါသည်။ ရွာသူရွာသားများက အစိုးရဌာနများ[170] ဆီသို့ ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ ရှာဖွေရရှိရန်အတွက် ၄င်းတို့၏ စွမ်းဆောင်ရည်မရှိသည့် ဥပဒေများသည် အချည်းအနှီးသာ ဖြစ်ကြောင်း တင်ပြရာတွင် တိုင်တန်းမှု ယန္တရားများ အများအပြား ထိရောက်စွာ ပြုလုပ်သည့်တိုင်အောင် တာဝန်ရှိ အဖွဲ့အစည်းများ၏ ကိုင်တွယ်ဖြေရှင်းမှုများသည် ဥပဒေဆိုင်ရာ သြဇာ[171] အာဏာနည်းပါးပြီး ပွင့်လင်းမြင်သာမှု မရှိချေ။ ဥပမာ- လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် လတ်တလောတွင် တပ်မတော်မှ ဧက သန်းချီရှိသည့် မြေယာများ သိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီး သတင်းမှတ်တမ်းပြုစုနေသည့် အစီရင်ခံစာတစ်စောင် ထုတ်လွှင့်ထားပြီး ၄င်းတို့၏ အစီရင်ခံစာအရ ဤမှားယွင်းသော လုပ်ဆောင်မှုအား မှန်ကန်အောင် ပြန်လည် ဆောင်ရွက်ရန် (သို့) တာဝန်ရှိသူများ[172] ထံမှ တရားမျှတမှုများ ယူဆောင်ရန် သြဇာအာဏာ နည်းပါးပါသည်။

---

[168] "Myanmar kicks off investment law modernization," The Nation, March 2015.

[169] ဤသည်ကား လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီ၊ မြေပိုင်ရှင်အတွက် သဘောတူထားသည့် လျှောက်လွှာများတာဝန်ယူခြင်းနှင့် အငြင်းပွားဖွယ်ရာများအား ပြန်လည် ဖြေရှင်းခြင်း၊ နိုင်ငံတော်အစိုးရ မြေယာ မှတ်တမ်း ဌာန၊ မြေယာ ကိစ္စနှင့် မှတ်တမ်းအတွက် LUCs မြေယာအသုံးပြုမှု လက်မှတ် တာဝန်ယူခြင်း၊ မြေလွတ်မြေလပ် နှင့် မြေရိုင်းများ ဗဟိုစီမံခန့်ခွဲရေးကော်မတီသည် VFV မြေလွတ်မြေလပ် နှင့် မြေရိုင်း အသုံးပြုမှု အခွင့်အရေးအတွက် တာဝန်ယူခြင်း၊ မြေယာ ရရှိရေး ကော်မရှင် ကို HURFOM ကြားသိရသည့် ပြင်းပြသည့် ဆန္ဒ ၂၀၁၅၊ ၂၆၊၃၃၊ ၅၉၊၆၀ တွင် ကြည့်ပါ။

[170] ကော်မတီနှစ်ခု ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်သော ကော်မတီ သည် ဒေါ်အောင်ဆန်းစုကြည်မှ ဦးဆောင်ပြီး လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင် ၏ လုပ်ငန်းတာဝန်မှာ မြေယာများအတွက် မကျေနပ်မှုများ တိုင်ကြားရာ စုံစမ်းစစ်ဆေးရန် စသည်တို့ ပါဝင်ပါသည်။ တရားဥပဒေစိုးမိုးရေး ကော်မတီမှ ရရှိသည့် တိုင်ကြားချက်များတွင် ကြည့်ပါ။ အဖွဲ့အစည်းနှစ်ခုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်အတွက် မဇ္ဈိမ သတင်းဌာန အောက်တိုဘာ ၂၂၊ ၂၀၁၂ နှင့် စိုးသန်းလင်း ၊ မြေယာသိမ်းဆည်းမှု ကော်မတီအပေါ် လျစ်လျူရှုသည့် ကိုယ်စားလှယ်ဝန်ကြီးဌာန၊ မြန်မာတိုင်းမ်၊ vol.32, no 637၊ ဖွန်လိုင် ၃၀ နှင့် ဩဂုတ်လ ၅ရက်၊ ၂၀၁၂၊

[171] မြန်မာအစိုးရသို့ အသနားခံ တိုင်ကြားခြင်းနှင့် ရွာ၏ ကိုယ်စား ပြုအဖွဲ့အစည်း Village Agency အခန်းကဏ္ဍငယ်အား၊ ဤအခန်းတွင် ကြည့်ယူပါ။

[172] HURFOM ကြားရမည့် ပြင်းပြသည့် ဆန္ဒ ၂၀၁၅ ၊ စာမျက်နှာ ၃၂၊ "Rampant Land Confiscation Requires Further Attention and Action from Parliamentary Committee," မတ်လ ၂၀၁၃

## ကွဲလွဲနေသည့် တရားဝင် အဆိုပြုထားသော မူဝါဒထွက်ပေါ်လာခြင်း

အောက်တိုဘာ ၁၈ရက် ၂၀၁၄ ခုနှစ်တွင် အစိုးရမှ အမျိုးသား မြေယာအသုံးပြုမှု မူဝါဒ (NLUP)[173] မူကြမ်းအသစ် တစ်စောင် ထုတ်ပြန်ထားပါသည်။ အဆိုပါ မူကြမ်းသည် အဓိက ဦးစားပေးမှု လေးချက်ဖြင့် ဖွဲ့ဆိုထားပါသည်။ ၁) မြေယာဥပဒေနှင့် အညီ သဟဇာတ ဖြစ်ခြင်း ၊ ၂) လူထု၏ မြေယာ အသုံးပြုမှု အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခြင်း၊ ၃) အရင်းအမြစ်များအား လူမှုရေးအရသာမက သဘာဝပတ်ဝန်းကျင်အရပါ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ၄) မြေယာ စီမံခန့်ခွဲမှု[174] များ ကောင်းမွန်လာအောင် လုပ်ဆောင်ခြင်း စသည် တို့ ဖြစ်ပါသည်။ အဆိုပြုထားသည့် မြေယာမူဝါဒသည် သင့်တင့်လျောက်ပတ်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပါက သဘာဝပတ်ဝန်းကျင် အား ပိုမိုကောင်းမွန်လာအောင် ကာကွယ်ထိန်းသိမ်းခြင်း[175] ၊ အမျိုးသမီးအတွက် တန်းတူညီမျှသည့်အခွင့်အရေး[176] ၊မြေယာမှတ်ပုံတင်ခြင်းမရှိသည့် ရေရှည် မြေယာအသုံးပြုသူ၏ အခွင့်အရေးများ[177] အား အသိအမှတ်ပြုခြင်း အပါဝင် တစ်ဦးချင်းဆီ၏ မြေယာ[178] အား ဖြစ်နိုင်သည့် အခွင့်အရေးဖြင့် ပိုမိုကောင်းမွန်လာအောင်ကာကွယ်စောင့်ရှောက်ခြင်းများ စသည့် တိုးတက်ကောင်းမွန်လာမှုများအား ရရှိမည် ဖြစ်ပါသည်။

အဆိုပါ ဥပဒေမူကြမ်းသည် ယခုထိတိုင် ခဲရာခဲဆစ် ကျန်ရှိနေဆဲပင် ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့် စနစ်နှင့် စပ်လျဉ်း၍ ထွန်ယက်စိုက်ပျိုးမှု မရှိသည့် လစ်ဟာနေသည့် မြေလွတ် မြေရိုင်း မြေယာအမျိုးအစားများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ နေရာတကျချထားရှိနေပါသော်လည်း အလွဲသုံးစားမှု[179] များဖြစ်ပေါ်နိုင်ဖွယ် အလားအလာ ရှိနေပါသေးသည်။ ထို့အပြင် ၄င်း

[173] မူကြမ်း၏ ပြည့်စုံသည့် သုံးသပ်ချက်အတွက် TNI တွင် ကြည့်ပါ။ *Po-Business or Pro-Poor? Making Sense of the Recently Unveiled Draft National Land Use Policy*, October 2014; ကဿာ့ မျက်မြင်သက်သေ၊ မြန်မာ့ အစိုးရ ပေါ်လစီမူကြမ်းသို့ တင်ပြသည့် ကဿာ့ မျက်မြင်သက်သေ၊ နိုဝင်ဘာ ၂၀၁၄

[174] (NLUP) အစိုးရ၏ မြေယာအသုံးပြုရေး ပေါ်လစီ မူကြမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အောက်တိုဘာလ ၂၀၁၄၊ အခန်း ၆

[175] Ibid. Section 10(c); Section 34(a,b) and 35 call for independent social and environmental impact assessments into proposed projects စီမံကိန်းအား အဆိုပြုရာတွင် လွတ်လပ်သော လူမှုဝန်းကျင် နှင့် သဘာဝပတ်ဝန်းကျင် သို့ အကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်း

[176] Ibid. Section 10(b).

[177] Ibid. Section 22(e), 23(a); 34(d) စားနပ်ရိက္ခာအတွက် သီးနှံပင် စိုက်ပျိုးခြင်း စသည့် တိကျသော ရိုးရာနည်းစနစ်ဖြင့် ဖြေရှင်းခြင်း ၊ အပိုင်း ၄-တိုင်းရင်းသား လူမျိုးစုအတွက် မြေယာအသုံးပြုမှု အခွင့်အရေး ဖြေရှင်းခြင်း (specific attention should be paid to Sections 68, 70, 73 and 75).

[178] Ibid. ဥပမာ Section 22(d) တွင်နိုင်ငံတော်အစိုးရမှ တစ်ဦးချင်းဆီဖြင့် တရားဝင် အဖွဲ့အစည်း ဖွဲ့စည်းနိုင်ခြင်း နှင့် မြေယာနှင့်ပတ်သက်သည့် ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်၊ စီမံခန့်ခွဲမှုလမ်းစဉ် စသည့်တို့အား တူညီသော အခွင့်အရေးဖြင့် သိနိုင်ခြင်း၊ ရရှိနိုင်ခြင်း၊ ဥပဒေနှင့်အညီ လယ်ယာမြေအား ပြန်လည် အပ်နှံ လုပ်ပိုင်ခွင့်ပေးခြင်း။ ဇရိယာအတွင်းရှိယခင်မှ မြေယာအား အမျိုးအစားအား တောမြေ၊ လယ်ယာမြေ၊မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ အသုံးပြုရန်အတွက်မြေယာ အမည်ပေါက်ပေးခြင်းအား ယာယီ ရပ်ဆိုင်းခြင်း။ NLUP သည်လည်း ပွင့်လင်းမြင်သာမှု ကောင်းမွန်စွာ ထားရှိပါသည်။ Sections 9(a,e), 10(e,h), 15(b), 22(d), 26(d) တွင် ကြည့်ပါ။ အခန်းကဏ္ဍများ၏ ဖော်ပြချက်အရ အငြင်းပွားဖွယ်ဖြစ်စေသည် နေရာချထားမှု ယန္တရား များ ပိုမိုပါဝင်ပါသည်။ see: Section 9(d); Section 45, 46 and 49 ၏ ဖော်ပြချက်တွင်လည်း ထိုအဖွဲ့အစည်းများ၏ ကြင်အင်လက္ခဏာများ၊ အခန်း ၇၇ တွင် တိုင်းရင်းသား လူနည်းစုများ၏ နေရာချထားမှု ယန္တရား အသစ် ကျင့်သုံးခြင်း၏ အငြင်းပွားဖွယ်ရာများလည်း ပါဝင်ခွင့်ပေးထားပါသည်။

[179] TNI, *Pro-Business or Pro-Poor? Making Sense of the Recently Unveiled Draft National Land Use Policy*, October 2014, p.11; TNI, *The Challenge of Democratic and Inclusive Land Policymaking in Myanmar*, February 2015, p. 33-34 မြန်မာနိုင်ငံရှိ မြေယာ မူဝါဒ ချထားမှု အပါအဝင် ဒီမိုကရက်တစ် ဆိုင်ရာ စိန်ခေါ်မှုများ ၊ ဖေဖော်ဝါရီလ ၊ ၂၀၁၅၊ စာမျက်နှာ ၃၃-၃၄

သည် နိုင်ငံတကာမှ အကောင်းဆုံးကျင့်သုံး[180] နိုင်မည့် ခိုင်မာသည့် ဖော်ပြချက်များ နည်းပါးပြီး ရေရာပြတ်သားမှုမရှိသည့် ဖော်ပြချက်နှင့် ကိုးကားချက် များ ညှံ့ဖျင်းစွာ ရေးသားဖော်ကျူးထားပါသည်။ ပိုပြီး အရေးကြီးသည့် အရာတစ်ခုမှာ အဆိုပါ ဥပဒေသည် အစားရေစာ ဖူလုံရေးနှင့် အခြားအရေးကြီးသည့် လူ့အခွင့်အရေးများ ဖော်ပြပြောဆိုထားခြင်း မရှိသလို ဒုက္ခသည်များနှင့် ပြည်တွင်းနေရာ ပြောင်းရွှေ့ချထားသူများ[181] အတွက် အထူးခွင့်အရေး တစ်စုံတစ်ရာမှ ဖန်တီး ထောက်ပံ့ခြင်းမပါသည့် စီးပွားရေးနှင့် ဆိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုကိုသာ အဓိက ဗဟိုပြု ချမှတ်ထားခြင်းပင်ဖြစ်ပါသည်။ နောက်ဆုံးတွင်မူ အဆိုပါ မူကြမ်း ပြုစုသည့် စာရွက်စာတမ်းများသည် အစုရှယ်ယာဝင်များအား တိုတောင်းသော အသိပေးကြောင်းကြားမှုများပေးကာ သုံးသပ်ချက်နှင့် တိုင်ကြားချက်[182] များ တင်ပြရန်အတွက် တိုတောင်းနည်းပါးသော အချိန်ကာလတွင်းသာပေးပြီး မျှတသော တရားဝင် ငြိနှိုင်းတိုင်ပင် ဆွေးနွေးမှုအတွက် အချိန်ကာလ ပေးထားခြင်း မရှိဘဲ အပြီးသတ်သွားပါသည်။ နောက်ထပ်ပြုစုထားသည့် ရင်းနှီးမြုပ်နှံမှုဥပဒေ အသစ် အဆိုပြုချက် မူကြမ်း သည်လည်း နိုင်ငံခြားရင်းနှီးမြုပ်နှံမှုသာ အဓိကထား လုံ့ဆော်ခြင်း၊ သမ္မတ ရုံးမှ အမိန့်အာဏာရရှိမှုသာ အာရုံထားရှိခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ[183] ပြောဆိုထားမှုမရှိခြင်း စသည့် အကြောင်းအရာများသာ ပဲ့တင်ထပ် နေပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) သည်လည်း ၄င်း၏ ထိန်းချုပ်မှုအောက်တွင် ရှိသည့် ရွာသူရွာသားများနှင့် လူထု အသိုင်းအဝိုင်း တို့၏ အခွင့်အရေးများကို ပြန်လည် အတည်ပြုရန်အတွက် မြေယာဥပဒေအား တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နေပါသည်။ KNU ၏မြေယာမူဝါဒသည် စုပေါင်းပိုင် မြေယာအသုံးပြုမှု နှင့် ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးအား တရားဝင် အသိအမှတ်ပြုခြင်းနှင့် ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း နေရာချထားသူများအား ၄င်းတို့၏ ယခင်မှ ပိုင်ဆိုင်ထားခဲ့သည့် မြေယာ[184] အတိုင်း ပြည့်ဝသော နစ်နာမှု လျော်ကြေး ပေးဆောင်ခြင်း ဟူသည့် အဓိက ဦးစားပေး ရေးသားပြောဆိုထားပါသည့် အချက်နှစ်ချက်အရ မူဝါဒရှုထောင့်၏ရပ်တည်ချက်သည် အစိုးရ၏ အမျိုးသား မြေယာအသုံးပြုမှု မူဝါဒနှင့် ကွဲပြားခြားနားနေပါသည်။ ထို့အပြင် အဆိုပါ ပြုစုထားသည့် မူကြမ်းစာရွက်စာတမ်းသည် နိုင်ငံတကာ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်

---

[180] TNI, *Pro-Business or Pro-Poor? Making Sense of the Recently Unveiled Draft National Land Use Policy*, October 2014 ၏ အစီရင်ခံစာမှတ်တမ်းအရ NLUP နိုင်ငံတော်အစိုးရ၏ မြေယာအသုံးပြုမှု ပေါ်လစီသည် မူဝါဒမှ အသုံးထားသည့် စည်းကမ်းချက်များ အပါအဝင် အရေးကြီးသော အစုရှယ်ယာဝင် ၏ စည်းကမ်းချက်နှင့် လုပ်ပိုင်ခွင့် လုံခြုံရေး စသည်တို့ ရည်ညွှန်းကိုးကားခြင်း မရှိဘဲ ပြန်လည် ဖတ်သူတို့၏ အနက်အဓိပ္ပါယ်ကောက်ဆိုချက်အရ ပေါ်လစီတော်တော်များများ ကျန်ခဲ့ကြောင်း ဖော်ထုတ်ပြောဆို ထားပါသည်။ နိုင်ငံတကာမှ အကောင်းဆုံးကျင့်သုံး ပေါ်လစီသည့် ပေါ်လစီသည် အပေါ်ယံသာ ကိုးကားထားခြင်းဖြစ်ပါသည်။ NLUP Section 10 (g)

[181] ပြန်လည်နေရာချထားမှုသည် တစ်ကြိမ်သာ ပြောဆိုထားပါသည်။ NLUP [နိုင်ငံတော်အစိုးရ၏ မြေယာအသုံးပြုမှု ပေါ်လစီ] Section 42

[182] “Statement of the Ethnic Community Development Forum and the Customary Land Protection Committee Concerning Myanmar’s National Land Use Policy (Draft),” *Burma Partnership,* Point 1, 5. တိုင်းရင်းသား လူမျိုးစု၏ လူမှုဝန်းကျင် တိုးတက်ရေး ဖိုရမ် ထုတ်ပြန်ချက် နှင့် မြန်မာနိုင်ငံတော် အစိုးရ၏ မြေယာအသုံးပြုမှု ပေါ်လစီ(မူကြမ်း) နှင့် စပ်လျဉ်း၍ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့် ကာကွယ်ရေး ကော်မတီ

[183] ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရင်းနှီးမြုပ်နှံမှု ဥပဒေ (မူကြမ်း) ၊ ပြည်ထောင်စုမြန်မနိုင်ငံတော် ၂၀၁၅၊ Section 3(1) , Section 6(1) သမ္မတမှ ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ထားသည့်သူနှင့် ကော်မရှင်အဖွဲ့ဝင်တစ်ယောက်ယောက်အား မည့်သည့် ရှင်းပြချက်မှ မပေးဘဲ အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်နိုင်စွမ်း ရှိသူမှ ရင်းနှီးမြုပ်နှံမှု ကော်မရှင်တည်ထောင်

[184] ဥပမာ - KNU မြေယာပေါ်လစီ ၂၀၁၄၊ KNU Section 1.1.4, 1.1.5, 2.1.4 သို့ ကြည့်ပါ။

စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ကျော်လွန်ပြီး ဒေသခံလူထုတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် ဦးစားပေးခြင်း တို့အား စောင့်ထိန်းလိုက်နာနေပါသည်။ "လူမှုရေးနှင့် ငြိမ်းချမ်းရေး၊ ပြည်သူလူထု၏ လက်ရှိနှင့် အနာဂတ်အတွက် လူမှုဖူလုံရေး၊ ရိုးရာယဉ်ကျေးမှု ပပျောက်ခြင်းမှ ထိန်းသိမ်းကာကွယ်ရေး စသည်တို့အား လျစ်လျူရှု သည့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နစ်နာစေသည့် အစိုးရ သို့မဟုတ် ပုဂ္ဂလက ရင်းနှီးမြှုပ်နှံမှုများသည် ရေရှည်တည်တံ့ခိုင်မြဲ[185] သည့် အရာ ဖြစ်မည်မဟုတ်ချေ။" မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် အတွက် ဤကြွလွှဲနေသည့် ပါတီဝင်အားလုံးမှ သဘောတူလက်ခံသည့် အဆိုပြုထားသောမူဝါဒနှင့် မြေယာလုပ်ပိုင်ခွင့် အခွင့်အရေး ချိုးဖောက်မှုများအား ပြန်လည် ပြုပြင်ပြောင်းလဲရန်မှာ အဓိက အရေးကြီးသည့် အချက်တစ်ပင် ဖြစ်ပါသည်။

## အခန်း (၂) "မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားနေသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများ အတွင်း ဖြစ်ပွားနေသော မြေယာသိမ်းယူမှုများ။"

## ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးမှစတင်သော တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်သို့။

ကရင် အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရ အကြား အပစ်အခတ်ရပ်စဲရေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည်။[186] ထိုအပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး သဘောတူညီချက်(NCA) အပေါ် ၂၀၁၃ ခုနှစ်မှစ၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။[187] ကရင်အမျိုးသား အစည်းအရုံး အပါအဝင် အဓိက တိုင်းရင်းသား (၁၆)ဖွဲ့၏ ကိုယ်စားလှယ်များပါဝင်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး တာဝန်ခံများအဖွဲ့ (NCCT) ကိုဖွဲ့စည်းခဲ့ပြီး အစိုးရနှင့် ညှိနှိုင်းဆွေးနွေးရေး အလုပ်အမှုဆောင် အဖွဲ့တစ်ခုအဖြစ် ကိုယ်စားပြု၍ပန်းတိုင်သို့ ရောက်အောင် လုပ်ဆောင်ခဲ့ကြသည်။[188] အစိုးရသည်လည်း ထိုနည်းတူပင် ထပ်တူပုံစံကျသော ငြိမ်းချမ်းရေးလုပ်ငန်း အသင်းကော်မတီ(UPWC) ကိုဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး သဘောတူညီမှု လက်မှတ်ကို စက်တင်ဘာလ ၂၀၁၄တွင် ရေးထိုးရန် တွန်းအားပေး

[185] KNU မြေယာပေါ်လစီ ၂၀၁၄၊ KNU Section 3.10.2 ၊ ကတိကဝတ်ပြုမှုများ မှတ်တမ်း စာရွက်စာတမ်းမှ ရှာဖွေတွေ့ရှိနိုင်၊ ဥပမာ - Section 3.10.3, 2.3.6 သို့ကြည့်ပါ။ နိုင်ငံတကာ လူ့အခွင့်အရေး အကြောင်းကို အတိအလင်း ပြောဆိုထားခြင်းအား Section 1.1.1, 2.3.1 သို့ကြည့်ပါ။

[186] စောရန်နိုင်၏, "KNU, Govt Reach Historic Agreement," *The Irrawaddy*, January 12th 2012။ အပစ်အခတ် ရပ်စဲရေးအခြေကို သိရှိရန် "Nationwide Ceasefire Coordination Team," *Myanmar Peace Monitor,* accessed on: March 27th 2015 ကိုကြည့်ပါ။

[187] "Nationwide Ceasefire Coordination Team," *Myanmar Peace Monitor,* accessed on: March 27th 2015.

[188] အထက်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

ခဲ့သည်။ ဤသည်မှာ နိုင်ငံတကာအဖွဲ့အစည်းများကို ၂၀၁၅ ရွေးကောက်ပွဲဆီသို့ အခိုင်အမာ သွားနေကြောင်း လက္ခဏာတစ်ရပ်အဖြစ် ပြသခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဧပြီလ တွင်မူ အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း မရှိခဲ့သေးပဲ ညှိနှိုင်းမှု အဆင့်တွင်သာ ဆက်လက်ရှိနေခဲ့ပါသည်။

### ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ နောက်ဆုံးအခြေအနေများ

လက်ရှိအခြေအနေ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများသည် အချိန် နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် တစ်ဖြည်းဖြည်း ဝေဝါးနေခဲ့သည်။ တိကျသော သဘောတူညီမှုအားလုံးသည်ကြီးမားလှိုဝှက်စွာဖြင့် ရှိနေခဲ့ပြီးပါတီများပါ ပါဝင်သည်။ သဘောထားကွဲလွဲမှုများသည် မြန်မာအစိုးရနှင့် တပ်မတော်[189] အကြားဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားများအဖွဲ့ (NCCT)[190] ၌လည်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂ခုနှစ်မှစတင်၍ ကရင်အမျိုးသား အစည်းအရုံး အဖွဲ့အစည်းအတွင်းတွင်ပင်သဘောမတူကွဲလွဲမှုများအား ကြုံတွေ့ခဲ့ရသည်။[191] ဤကာလ တစ်လျှောက်တွင် မြန်မာပြည်မြောက်ဘက်ခြမ်းတွင် ပျောက်ကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး ဆက်လက်၍ တရားဝင် ဖြစ်ပွားနေသော ဆွေးနွေးပွဲများ လျော့ကျလာသည်။[192] ၂၀၁၅ ခုနှစ် မတ်လတွင် လက်မှတ်ရေးထိုးမှုကို အထောက်အပံ့ပေးသည့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးမူကြမ်းကို NCCTနှင့် အစိုးရတို့ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့သော် တိုင်းရင်းသားခေါင်းဆောင်များမှ ထိုကဲ့သို့ သဘောတူညီမှုလက်မှတ် ရေးထိုးခြင်းမျိုးမှာ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအားလုံး၏ သဘောတူညီမှုဖြင့် ရေးထိုးခြင်း မဟုတ်ကြောင်း အသိပေး ပြောကြားခဲ့ပါသည်။[193] ဤအချင်းအရာသည် မြေယာအခွင့်အရေးနှင့် မြေယာသိမ်းယူမှု ပြဿနာများ နှင့် ပတ်သက်သည့် အချက်များကို အလေးထားပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ် အသစ်တွင် ထည့်သွင်းပေးရန် လိုအပ်နေကြောင်း ဖော်ပြလျက်ရှိသည်။

ဤသုံးနှစ်တာ ကာလအတွင်း ဖြစ်ပွားခဲ့သော ညှိနှိုင်း ဆွေးနွေးခြင်းများ တစ်လျှောက် အဓိကပြဿနာများသည် တိုင်းရင်းသားဒေသများတွင် ဆက်လက် ဖြစ်ပွားလျက်ရှိပြီး အမျိုးမျိုးသောလူ့အခွင့်ရေးချိုးဖောက်မှုများမှာလည်း နိုင်ငံတစ်ဝှမ်းတွင် ဆက်လက်၍ တည်ရှိနေခြင်း

---

[189] HIS ဂျိန်း မှ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်သည့် “Poor prospects for Myanmar ceasefire agreement raise risks of fighting between army and ethnic insurgents” *HIS Jane’s 360*, October 13th 2014.

[190] အေးနိုင်၏ “UNFC opens 2 top positions for KNU,” *DVB*, September 3rd 2014.

[191] အိအိတိုးလွင်ရေးသားသော “KNU to Meet Amid Split Fears,” *Myanmar Times*, October 17th 2014.

[192] အိအိတိုးလွင်ရေးသားသော “Clashes Could Delay Peace Process, NCCT Chief Warns,” *Myanmar Times*, October 10th 2014; “KIA Official Says no Nationwide Ceasefire Next Month,” *RFA*, January 21st 2015.

[193] လွှေဝမ် ရေးသားသော “Govt ‘Exaggerating’ Significance of Accord With Ethnic Groups: NCCT Leader,” *Irrawaddy*, April 9th 2015.

ကြောင့်ဖြစ်ပါသည်။[194] ပဏာမ အပစ်ခတ်ရပ်စဲရေးကာလမှစတင်၍ ယခုအချိန်ထိ တိုးပွားလာသော စစ်သွားလာလှုပ်ရှားမှုနှင့် ဆိုင်သည့် အစီရင်ခံစာများစွာကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ လက်ခံရရှိခဲ့ပါသည်။[195] ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၎င်းသည် မည်သို့ လောကွတ်ပျူငှာခြင်းကဲ့သို့ မြင်စေရန် အသိပေး နှိုးဆော်ပြီး ထိုသို့မဟုတ်လျှင် မြေယာအခွင့်အရေးပေးခြင်းနှင့် မြေယာ သိမ်းယူမှုများသည် အပစ်ခတ်ရပ်စဲရေးသဘော တူစာချုပ်အသစ်တွင်အထူးသ ဖြင့်မြန်မာပြည် အရှေ့တောင်ဘက်ခြမ်း၊ KHRG မှပဏာမအပစ်ခတ်ရပ်စဲရေးကာလမှစ၍ ယခုချိန်ထိများစွာ တိုးပွားလာသော စစ်မက်ပုံစံ အစီရင်ခံစာများကို ရရှိခဲ့ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကရင်အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရတို့ကြား နစ်ဖက် လိုက်နာရမည့် အချက်အလက်များအပေါ် (Code of Conduct)သဘောတူညီမှုမရရှိခင် အချိန်စပ်ကြားကာလဖြစ်သော လက်ရှိအခြေအနေသည် ဒေသခံပြည်သူများကို စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေပါသည်။[196] လက်တလော ကာလအတွင်း ဖြစ်ပေါ်နေသော ဤမရေရာသည့် ဖွံ့ဖြိုးမှုများသည် ဖြစ်ပေါ်နေသော ပဋိပက္ခများအား တည်ငြိမ်စေမည့် ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် သံသယဖြစ်စေရုံသာမက ဒေသခံပြည်သူများအနေနှင့်လည်း ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းမှုများနှင့် ၎င်းတို့၏ အနာဂတ် နိုင်ငံရေးအခြေအနေကိုပါ မသေချာမရေရာ ဖြစ်စေပါသည်။

## ရှေ့သို့မျှော်ကြည့်ခြင်း။ အကူအညီပေးခြင်း နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် အခွင့်အလမ်းအသစ်များ

ဆက်လက်ဖြစ်ပွားနေသော ညှိနှိုင်းဆွေးနွေးခြင်းများသည် လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီ၍ ဒေသခံပြည်သူများအား အထောက်အကူဖြစ်စေပြီး ၎င်းတို့အား အကျိုးဖြစ်စေမည့် မြေယာအသုံးချမှု ဥပဒေကို ရေးဆွဲရန်အတွက် အခွင့်အလမ်းများ ဖွင့်ပေးလျက်ရှိသည်။[197] ပဏာမ အပစ်အခတ်ရပ်စဲရေး၏ အစိတ်အပိုင်းတစ်ခုအနေနှင့် နစ်ဖက်သော နိုင်ငံရေးပါတီများမှ အဓိကဖြစ်ပွားလျက်ရှိသော

---

[194] HURFOM မှ ထုတ်လုပ်သော *Yearning to Be Heard,* 2015; "Burma: Halt Indiscriminate Attacks in Kachin State," *Human Rights Watch*, January 17th 2013.

[195] ဆက်လက်ဖြစ်ပွားနေသော စစ်ပုံစံသွင်းခြင်း အသေးစိတ် အခြေအနေကို သိရှိရန်, "Ongoing Militarisation of Southeastern Burma/Myanmar, Since the January 2012 Ceasefire Agreement Between the Karen National Union (KNU) and the Burma/Myanmar Government," *KHRG,* February 17th 2015 ကို ကြည့်ပါ။

[196] မေခနှင့် စောရန်နိုင်ရေးသားသော "Troop Repositioning, Code of Conduct Important for Nationwide Ceasefire: Ethnics" *The Irrawaddy* July 31st 2014.

[197] အက်ရှလေစောက်သ် ရေးသားသော "Prospects for Peace in Myanmar," *Peace Research Institute Oslo*, No. 31, 2012, တွင် မြန်မာအစိုးရ၊ ကရင်အမျိုးသား အစည်းအရုံးတို့အနေနှင့် "ကေအဲန်ယူ၏ မွေးကင်းစ နိုင်ငံ၏ ဖွဲ့စည်းပုံများ" ဖြစ်သည့် အခြားအရာများအပြင် မြေယာမှတ်ပုံတင်ခြင်းနှင့် အစိုးရဖွဲ့စည်းပုံများအပေါ် ဆွေးနွေးရန်အတွက် ကေအဲန်ယူ၏ အလုပ်အမှုဆောင် အဖွဲ့များဖွဲ့ရန်အတွက် စည်းရုံးထားသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်တန့်ရန်နှင့် မြေယာပိုင်ဆိုင်ခွင့် ကိစ္စရပ်များအား ဖြေရှင်းရန်အတွက် ဆက်လက် လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။[198] ဤကဲ့သို့အခြေအနေသစ်တစ်ရပ်အား လမ်းဖွင့်ပေးခြင်းသည် အစိုးရ မဟုတ်သောအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့စည်းများ နှင့် အသေးစားစီးပွားရေးလုပ်ငန်းများအား အလှမ်းဝေးသော နေရာများရှိ လူ့အသိုင်းအဝိုင်းအား ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကဲ့သို့သော အခြေခံ လူ့အခွင့်အရေး ကိစ္စရပ်များကို အကန့်အသတ်ထားရှိသော်လည်း အထောက်အပံ့ပေးမှုအတွက် အခွင့်အလမ်းများပိုမို ဖွင့်လှစ်ပေးခြင်းဖြင့် အားပေးအားမြောက် ပြုလျက်ရှိသည်။[199] ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များသည် ယခုအချိန်တွင် ဒေသအတွင်း ပိုမိုလွတ်လပ်စွာ သွားလာနိုင်ပြီး ကုန်သွယ်မှုပြုနိုင်ကြသည်။ ဤဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆိုးဘက်မပါအောင်မလုပ်ဆောင်နိုင်သေးဘဲ၊ အခွင့်အလမ်း ဝင်ရောက်ရှာခြင်းသည်ဗမာနှင့် ကရင်လူထု အသိုင်းအဝိုင်းတို့ အတူတကွပေါင်းသင်းနေထိုင်ပြီး ပြဿနာများ ဖြစ်လာစေသည့် အဓိပ္ပါယ်ရရှိခဲ့ပါသည်။[200] စီးပွားရေးအခွင့်အလမ်းများ ဖွင့်ပေးခြင်းသည် ပြည်တွင်းပြည်ပရှိ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံအရှေ့တောင်ဘက်မှ သဘာဝသယံဇာတများကို ရှာဖွေတူးဖော်ရန်အတွက် ဝင်ရောက်လာခြင်းအား လမ်းဖွင့်ပေးနေသကဲ့သို့ဖြစ်နေသည်။ [201]

နောက်ဆုံးအနေဖြင့် အပစ်အခတ်ရပ်စဲရေးသည် ယခင်က တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်ထားသော နယ်မြေများတွင် တပ်စခန်းများအား ပိုမိုခိုင်ခံ့စေရန် နှင့် ၎င်းတို့၏ တည်နေရာများအား တိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသော တပ်မတော်နှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော အခြား လက်နက်ကိုင်တပ်ဖွဲ့များအား အကာအကွယ်ပေးနေခြင်း ဖြစ်သည်။[202]မြန်မာပြည်အရှေ့တောင်ဘက်တွင် လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများ ပြောင်းလဲကောင်း ပြောင်းလဲမည် ဖြစ်သော်လည်း ဤကဲ့သို့ ပုံစံအသစ်ဖြင့် ချိုးဖောက်ခြင်းများကို

---

[198] စောရန်နိုင်ရေးသားသော “KNU,Govt  Reach Historic Agreement,” ဧရာဝတီ,ဇန်နဝါရီ၁၂ရက်၊၂၀၁၂ ကို ကြည့်ပါ။ အပစ်အခတ်ရပ်စဲရေး၏ အခြေအနေများချပြခြင်းကို ‘Myanmar Peace Monitor, ‘Ceasefire Terms’ တွင်ကြည့်ပါ။
မတ်လ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီး ၂လအကြာတွင် မြန်မာအစိုးရ ကိုယ်တိုင် အဓမ္မ ဖိအားပေးခိုင်းစေမှုကို
၂၀၁၅တွင် ပြည့်ပြည့်ဝဝ ဖယ်ရှားခဲ့သည်။ မြေယာသိမ်းယူခြင်း၊ အဓမ္မခိုင်းစေမှုအပါအဝင် မြန်မာအစိုးရနှင့် နိုင်ငံတကာ
အလုပ်သမား အဖွဲ့ချုပ် (ILO) တို့အကြား ရေးထိုးထားသော ၂၀၁၂ ခုနှစ် နားလည်မှုစာချွန်လွှာ မှတ်တမ်းပါ စာသား အပြည့်အစုံအား ILO အုပ်ချုပ်မှုအဖွဲ့ ”မြန်မာအစိုးရ၏ အဓမ္မဖိအားပေးခိုင်းစေမှု၏ မှတ်တမ်းမေးခွန်းများနှင့် သက်ဆိုင်သော ဖွံ့ဖြိုးရေးများ,”1930 (No.29) ဂျနီဗာ,313th အပိုဒ်GB.313/INS/6/(add),မတ်လ 2012,Appendix 2. တွင် ကြည့်ပါ။

[199] “Thaton Situation Update: Bilin and Hpa-an Townships, June to November 2014,” *KHRG,* February 23, 2015.

[200] Kim Jolliffe ရေးသားသော “Ethnic Conflict and Social Services in Myanmar’s Contested Regions,” *The Asia Foundation,* June 2014.

[201] Simon Roughneen ရေးသားသော “Could Myanmar’s Economic Reform Bring Business to War-torn Ethnic Regions?” *The Christian Science Monitor*, စက်တင်ဘာလ ၁၀ ရက် ၂၀၁၂ ခုနှစ်. သဘာဝသယံဇာတတူးဖော်ခြင်း အခန်းတွင်ကြည့်ယူပါ။

[202] “Ongoing Militarisation of Southeastern Burma/Myanmar, Since the January 2012 Ceasefire Agreement Between the Karen National Union (KNU) and the Burma/Myanmar Government,” ကရင်လူ့အခွင့်အရေးအဖွဲ့၊ ဖေဖော်ဝါရီလ ၁၇ ရက် ၂၀၁၅ ခုနှစ်။
See also the *Militarization* chapter in this report.

အလေးပေး ဆောင်ရွက်ရန်နှင့် ဖြေရှင်းရန်အတွက် နည်းလမ်းများ လိုအပ်ပါသည်။မြေယာ သိမ်းယူခြင်းသည် ပဋိပက္ခဖြစ်ပွားသည့် ကာလတစ်လျှောက် ရွာသားများအား ထိခိုက်နစ်နာစေသည့် အဓိကအကြောင်းရင်းဖြစ်သည်။ မြန်မာပြည် အရှေ့တောင်ဘက် စစ်မှန်သောငြိမ်းချမ်းရေးအတွက် အရေးကြီးသော ကိစ္စအဖြစ် ဆက်လက်တည်ရှိနေလိမ့်မည်။မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးအကြား လုပ်ဆောင်သည့် မည်သည့်အနာဂတ် သဘောတူညီမှုမဆို မြေယာပိုင်ဆိုင်ခွင့် နှင့် မြေယာသိမ်းယူခြင်း ကိစ္စများအား အတူတကွ ဖြေရှင်းမှုအား ထည့်သွင်းခြင်းသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေး အခြေအနေအား ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတွင် အဓိကကျသည်။